၂၀၁၈ ဩဂုတ်လ ၉ ရက်နေ့တွင် ထုတ်ပြန်ရန် -

**သံလွင်ငြိမ်းချမ်းရေးဥယျာဥ်ကော်မတီနှင့် ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုလုပ်ရှားမှုကွန်ရက်အဖွဲ့ (KESAN) တို့၏ထုတ်ပြန်ကြေညာချက်**

**ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာကမ္ဘာ့ဌာနေတိုင်းရင်းသားများနေ့ကို ပြည်တွင်းစစ်ကြောင့်နေရပ်စွန့်ခွာခဲ့ရသော ဌာနေကရင်လူထုတို့မှ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေး၊ နှင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်မှုများကို အထောက်အကူပြုပံ့ပိုးသော ၎င်းတို့၏အသိအညာ၊ အတတ်ပညာနှင့်လုပ်ဆောင်မှုများအား ဖလှယ်ခြင်းနှင့်အတူ ဆင်နွဲကျင်းပသည်။**

ဩဂုတ်လ ၉ ရက်နေ့သည် ကုလသမဂ္ဂက ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကြေညာချက်ထုတ်ပြန်သည့် ၁၁ ကြိမ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ကာ ယင်းနေ့ကို အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဌာနေတိုင်းရင်းသားများနေ့အဖြစ် စစ်ပွဲကြောင့် နေရပ်စွန့်ခွာလာကြရသောကရင်လူထုများနှင့် ၎င်းတို့၏မိတ်ဖက်ကရင်လူမှုအဖွဲ့များက မူတြော် (ဖာပွန်) ခရိုင်ရှိ အိတူထပြည်တွင်းဒုက္ခသည်စခန်းတွင် ကျင်းပကြသည်။

မျိုးဆက်ပေါင်းများစွာ ဌာနေကရင်တိုင်းရင်းသားများသည် သူတို့ပတ်ဝန်းကျင်ရှိ မြေယာ၊ မြစ်ချောင်း၊ သစ်တောများနှင့် အရှည်တည်တံ့ခိုင်မြဲစွာ အတူယှဥ်တွဲနေထိုင်ခဲ့ကြသည်။ သူတို့တတွေသည် ဆယ်စုနှစ်များစွာရှည်ကြာသည့် လက်နက်ကိုင်ပဋိပက္ခ၊ အကြီးစားရေအားလျှပ်စစ်စီမံကိန်းကြောင့် နေရပ်စွန့်ခွာရမှုနှင့် တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုတို့ကြောင့် ဘိုးဘွားပိုင်သစ်တောများပြုန်းတီးမှု စသည့်ဒုက္ခများ ခံစားနေကြရသည်။ ယနေ့ကာလတွင် တကမ္ဘာလုံးကလက်ခံထားသည့် ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးနှင့် နိုင်ငံတကာကသတ်မှတ်ထားသည့် အသက်ရှင်ရပ်တည်ရေးဆိုင်ရာ အနိမ့်ဆုံးသတ်မှတ်ချက်များ၊ ဂုဏ်သိက္ခာများ၊ ကျန်းမာပျော်ရွှင်မှုဆိုင်ရာစံနှုန်းများကို မြန်မာအစိုးရက လေးစားလိုက်နာရန်အတွက် ဌာနေကရင်လူမှုအသိုင်းအဝိုင်းက တောင်းဆိုနေသည်။

နေရပ်စွန့်ခွာကရင်လူမှုအသိုင်းအဝိုင်းက သူတို့၏ နေထိုင်မှုဘဝပုံစံ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဘိုးဘွားစဉ်ဆက်ကျင့်သုံးခဲ့သော ဂေဟဗေဒဆိုင်ရာအသိပညာများ ဖလှယ်ခြင်းနှင့်အတူ ဌာနေတိုင်းရင်းသားများနေ့ကို အတူစုပေါင်းကြသည်။ ဩဂုတ်လ ၉ ရက်နေ့ အခမ်းအနားတွင် ကရင်ဘာသာဖြင့် ထုတ်ဝေသော "ပန်းမံသစ်ခွစုံလင်လှ…လူမှုဘဝသာယာလှ" အမည်ရှိ အစီရင်ခံစာအသစ်ကိုလည်း မိတ်ဆက်ဖြန့်ချိသည်။ ဌာနေကရင်လူမှုအသိုင်းအဝိုင်းမှ အမျိုးသမီးများသာပါဝင်သည့် သုတေသနအဖွဲ့က မြန်မာပြည်တောင်ပိုင်းရှိ ကဆောထယ်နှင့်သောသီဖေါ်ဂေါ်ကျေးရွာပိုင်ဘုံသစ်တောများမှ မျိုးတုံးမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသောသစ်ခွမျိုးစိတ်များကို ၄ နှစ်ကြာအချက် အလက်ရှာဖွေစုဆောင်းပြီး ပထမဆုံးအကြိမ်အဖြစ် ထုတ်ပြန်ခြင်းဖြစ်သည်။ သုတေသနအဖွဲ့သည် သစ်ခွမျိုးစိတ် ၁၂၁ မျိုးကို ရှာဖွေနိုင်ကာ အချို့သောမျိုးစိတ်များသည် မျိုးတုံးမည့်အခြေအနေနှင့် ရင်ဆိုင်နေရသကဲ့သို့ အချို့သည် ရှားပါး၍လူမသိသောမျိုးစိတ်များဖြစ်သည်။ ၎င်းတို့၏ရှာဖွေတွေ့ရှိမှုသည် ဌာနေတိုင်းရင်းသားတို့၏ အသိပညာဗဟုသုတသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် အဖိုးထိုက်တန်သည့်ပေးဆပ်မှုဖြစ်ကြောင်း ပြသနေပေသည်။ ထို့ပြင် ကရင်အမျိုးသမီးများသည် ယင်းပညာရပ်နယ်ပယ်တွင် အရေးပါသောအခန်းကဏ္ဍက ပါဝင်ကြောင်းကို ပြသနေပေသည်။ အခမ်းအနားတွင် ပညာရှင်များဦးဆောင်သည့် ဆွေးနွေးပွဲများ၊ ယဉ်ကျေးနှင့်ပြဇာတ်အစီအစဉ်၊ ဓါတ်ပုံပြပွဲနှင့် သတင်း မှတ်တမ်းပြပွဲများပါဝင်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် အားလုံးပါဝင်သည့်သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးကွဲထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးများဆီသို့ ရှေးရှုလုပ်ဆောင်သောအစီအစဉ်တခုဖြစ်ပြီး တချိန်တည်းတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊ ကော်သူးလေ၊ မူတြော် (ဖာပွန်) ခရိုင်အတွင်း မိမိဘိုးဘွားမြေအားမိမိကိုယ်တိုင်စီမံအုပ်ချုပ်ပိုင်ခွင့်ရှိသော ဌာနေကရင်တိုင်းရင်းသားတို့ ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုပေးခြင်းအားဖြင့် ငြိမ်းချမ်းရေးကိုတည်ဆောက်ရန် လုပ်ဆောင်နေသောအစီအစဉ်ကြီး တခုဖြစ်သည်။ လက်ရှိတွင် နိုင်ငံအတွင်းကန့်သတ်ကာကွယ်သောနယ်မြေဒေသများကို အစိုးရများကသတ်မှတ်ရာ၌ ဌာနေတိုင်းရင်းသားပြည်သူများနှင့် လူမှုအသိုင်းအဝိုင်းကထိန်းသိမ်းထားသောနယ်မြေဒေသ (ICCAs) များကိုလည်း စည်းမျဉ်းဥပဒေများနှင့်တကွ ကာကွယ်မှုအောက်ရှိသောနယ်မြေဒေသများအဖြစ်သတ်မှတ်ရန် နိုင်ငံတကာက တက်တက်ကြွကြွ ကြိုးပမ်းပြောဆိုခြင်းများရှိနေပြီး ယခုသံလွင်ငြိမ်းချမ်းရေးဥယျာဉ်လုပ်ရှားမှုသည် အဆိုပါနိုင်ငံတကာလုပ်ရှားမှု၏အစိတ်အပိုင်းတခုဖြစ်သည်။ ထိုမှသာလျှင် ဇီဝမျိုးကွဲများထာဝစဉ်ရှင်သန်ရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့်သဟဇာဖြစ်သည့်အသက်မွေးဝမ်းကြောင်းများ ရေရှည်တည်မြဲရေးအတွက်သော်လည်းကောင်း၊ ဘေးအန္တရယ်များကိုကာကွယ်ရာနှင့် တုံ့ပြန်ရာတွင်သော်လည်းကောင်း ဌာနေတိုင်းရင်းသားပြည်သူများနှင့် လူမှုအသိုင်းအဝိုင်းကထိန်းသိမ်းထားသောနယ်မြေဒေသ (ICCA) က တရားဝင်စွာနှင့်ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့ရာသီဥတုဆိုင်ရာအကျပ်အတည်းကာလတွင် ကမ္ဘာကြီး၏ဂေဟစနစ်နှင့်သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရေးသည် အလွန်အရေးပါနေပြီး ရာသီဥတုပြုပြင်ပြောင်းလဲရေးအတွက် စုပေါင်းဆောင်ရွက်ကြရာတွင် ဌာနေတိုင်းရင်းသားများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ ဌာနေတိုင်းရင်းသားများက ထိန်းသိမ်းဆောင်ရွက်နေသော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ အခြားလူမှုအဖွဲ့အစည်းကဆောင်ရွက်နေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည် မြန်မာအစိုးရ၏ တနိုင်ငံလုံးဂေဟစနစ်ထိန်းသိမ်းရေးဆိုင်ရာနည်းဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်ချက်များကိုများစွာအထောက်အကူပြုနေသည်။

အပြည်ပြည်ဆိုင်ရာကမ္ဘာ့ဌာနေတိုင်းရင်းသားများနေ့အခမ်းအနားကို ကရင်ရိုးရာယဉ်ကျေးမှုနှင့်အသိ ပညာအတတ်ပညာများကိုဖလှယ်ပြသကျင်းပခြင်းနှင့်အတူ

- မြန်မာအစိုးရအား ဤကဲ့သို့သော လူထုကိုယ်တိုင်ဦးဆောင်ပါဝင်သည့် အောက်ခြေမှအထက်သို့ (button-up) စနစ်အခြေခံသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေးစနစ်မျိုးကို ကျင့်သုံးလက်ခံရန် တိုက်တွန်းပါသည်။ အထူးသဖြင့် တနင်္သာရီတိုင်းအတွင်းလုပ်ဆောင်ရန်စီစဉ်နေသည့် တောင်တန်းများဆီမှသန္တာကျောက်တန်းများဆီသို့စီမံကိန်းကို လူထုကိုယ်တိုင်ပါဝင်သည့် အထက်ဖေါ်ပြပါသဘာဝထိန်းသိမ်းရေးချဉ်းကပ်မှုပုံစံဖက်သို့ ဖောင်းပေးပြီးလုပ်ဆောင်ရန် တိုက်တွန်းပါသည်။ ထိုကန်းရိုးတမ်းထိန်းသိမ်းရေးစီမံကိန်းသည် ဟက်တာ ၁.၄ သန်း (၃၄၅၉၄၇၅ ဧက) အကျယ်အဝန်းရှိပြီး တနင်္သာရီဒေသအတွင်း ဌာနေတိုင်းရင်းသားနှင့်လူထုများစွာ ဘိုးစဉ်ဘောင်ဆက်အဆက်ဆက် ဓလေ့ထုံးတမ်းအရပိုင်ဆိုင်အသုံးပြုစီမံခန့်ခွဲလာသည့် မြေယာနှင့်ကျေးရွာဒေသများစွာပေါ် တထပ်တည်းကျရောက် သည့်စီမံကိန်း ဖြစ်သည်။

- ကမ္ဘာ့ကုလသမဂ္ဂက၏ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကြေညာစာတမ်းက အမြတ်တနိုးအသိအမှတ်ပြုပြဋ္ဌာန်းထားသည့်အတိုင်း ကရင်လူမျိုးတို့၏ဌာနေတိုင်းရင်းသားအခွင့်အရေးကို လေးစားတန်ဘိုးထားရန်၊ ထို့ပြင် ကရင်လူထုတို့၏ဘိုးဘွားပိုင်မြေထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့်စီမံအုပ်ချုပ်ခွင့်၊ မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုကာကွယ် ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းလုပ်ဆောင်သည့် ၎င်းတို့၏အားထုတ်မှု၊ စသည်တို့ကို အသိအမှတ်ပြုလက်

ခံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရစေမည့်ရလဒ်ဆီသို့ ရှေးရှုဆောင်ရွက်ရန် မြန်မာအစိုးရအား ကျွန်ုပ်တို့ကတောင်းဆိုသည်။

- သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးကွဲထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးများတွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ပါဝင်ခွင့်ကို အသိအမှတ်အပြုအားပေးရန် တိုက်တွန်းသည်။ ၎င်းတို့ကိုပါဝင်စေခြင်းအားဖြင့် ၎င်း၌ရှိသော အများနှင့်မတူထူးခြားသည့် အသိပညာနှင့်ချဉ်းကပ်မှုပုံစံများကို ၎င်းတို့က ထည့်ဝင်ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။
- လက်ရှိနိုင်ငံရေးအခြေအနေအရ မိမိနေရပ်ဌာနေသို့ ဘေးကင်းလုံခြုံစွာပြန်လည်နေထိုင်ရန် မဖြစ်နိုင်သေးသည့် နေရပ်စွန့်ခွာသူများနှင့်ဒုက္ခသည်များအား ဆက်လက်ကူညီထောက်ပံ့ရန် နိုင်ငံတကာအသိုင်းအဝိုင်းများကို တောင်းဆိုပါသည်။

သတင်းအချက်အလက်များရယူလိုပါက အောက်ပါပုဂ္ဂိုလ်များကို ဆက်သွယ်နိုင်ပါသည်။

1. နော်ဝါးခူရှီး။ ။ ကရင်အမျိုးသမီးများအဖွဲ့၊
   + 66 0861182261၊ (ကရင်၊ မြန်မာ၊ နှင့်အင်္ဂလိပ်ဘာသာ)။
2. ပဒိုစောဒီဂေဂျူနီယာ။ ။ သံလွင်ငြိမ်းချမ်းရေးကော်မတီချုပ်၊ မူတြော်ခရိုင်၊ ကော်သူးလေ၊
   +66 878511061 (ကရင်၊ မြန်မာ၊ နှင့်အင်္ဂလိပ်ဘာသာ)။
3. စောဖေါလ်စိန်ထွား။ ။ ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုလုပ်ရှားမှုကွန်ရက်၊
   +66 817 247 093 (ကရင်နှင့်အင်္ဂလိပ်ဘာသာ)။

.